ကုလသမဂ္ဂဝန်ထမ်း သို့မဟုတ် ဆက်စပ်ဝန်ထမ်း၏ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု သို့မဟုတ် အလွဲသုံးစားပြုမှု ကျူးလွန်ခံရသည့် ပုဂ္ဂိုလ်အဖြစ်

# သင်၏ အခွင့်အရေးများ

## 1. လေးစားစွာဆက်ဆံရပိုင်ခွင့်

သင့်အား ယဉ်ကျေးပျူငှာစွာ၊ စာနာရိုင်းပင်းစွာ၊ ပညာရှင်ဆန်စွာနှင့် တရားမျှတစွာ ဆက်ဆံရမည်။
သင်၏ ယဉ်ကျေးမှု၊ စံတန်ဖိုးများနှင့် အမြင်များကို လေးစားမည်ဖြစ်ပြီး သင်၏ လိုအပ်ချက်များနှင့် အသိပေးရွေးချယ်မှုများကို ဦးစားပေးအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

## 2. အကူအညီနှင့် အထောက်အပံ့များ ရယူပိုင်ခွင့်

သင်သည် အရေးပေါ်နှင့် ရေရှည် အထောက်အပံ့အကူအညီများကို လက်ခံရရှိပိုင်ခွင့်ရှိသည်။ ထိုအထောက်အပံ့များသည် ဆေးဘက်ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ဝတ္ထုဆိုင်ရာ၊ လူမှုရေးရာ သို့မဟုတ် ဥပဒေဆိုင်ရာ အထောက်အပံ့များ ဖြစ်နိုင်သည်။
သင်သည် အကူအညီ အထောက်အပံ့များကို အချိန်အရွေး ငြင်းပယ်ပိုင်ခွင့်ရှိသည်။

## 3. တရားမျှတမှုနှင့် တာဝန်ခံမှုအား ရယူပိုင်ခွင့်

သင်သည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု သို့မဟုတ် အလွဲသုံးစားပြုမှုဆိုင်ရာ တိုင်ကြားချက်ကို တင်သွင်းပိုင်ခွင့်ရှိပြီး ၎င်းအား စုံစမ်းစစ်ဆေးမှုပြုရန် ရည်ညွှန်းလွှဲပြောင်းပေးမည်ဖြစ်သည်။
သင်သည် သင်ခံစားခဲ့ရသည့် ထိခိုက်နစ်နာမှုအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုကို ရယူပိုင်ခွင့်ရှိသည်။

## 4. ကုလသမဂ္ဂလုပ်ငန်းစဉ်များတွင် မည်သို့ပါဝင်မည်ကို ဆုံးဖြတ်ပိုင်ခွင့်

သင်သည် ကုလသမဂ္ဂ၏ လုပ်ငန်းစဉ်များ သို့မဟုတ် တရားစွဲဆိုမှုများတွင် ပါဝင်ခြင်း သို့မဟုတ် ပူးပေါင်းခြင်း ပြုမည်/မပြုမည်ကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

## 5. အချက်အလက်ရယူပိုင်ခွင့်

သင့်အတွက် ရွေးချယ်မှုများ၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ သင်သိရှိပိုင်ခွင့်ရှိသည်။
သက်ဆိုင်ရာအချက်အလက်များအား လက်လှမ်းမီ၍ သင့်လျော်သော ပုံစံများဖြင့်၊ သင်နားလည်သော ဘာသာစကားဖြင့် လက်ခံရရှိပိုင်ခွင့်ရှိသည်။

### 6. ကြားနာပိုင်ခွင့်

ဤအခွင့်အရေးများနှင့် စပ်လျဉ်း၍ မည်သည့်ကိစ္စရပ်အပေါ်မဆို သင်၏ အမြင်များကို ထုတ်ဖော်ပြောဆိုခွင့်ရှိပြီး ကြားနာပိုင်ခွင့်ရှိသည်။

### 7. ကိုယ်ရေးကိုယ်တာထိန်းသိမ်းခွင့်နှင့် လျှို့ဝှက်ထားပိုင်ခွင့်

သင့်အခြေအနေနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂထံသို့ မည်သည့်အချက်အလက်များအား ထောက်ပံ့ပေးမည်ကို သင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ သင့်တွင် လျှို့ဝှက်ထားပိုင်ခွင့်ရှိပြီး အချက်အလက်အား ထောက်ပံ့မှု မပြုရန် ဆုံးဖြတ်နိုင်သည်။ ၎င်းသည် သင်၏ အကူအညီအထောက်အပံ့ရယူပိုင်ခွင့်အပေါ် ထိခိုက်မှုရှိမည် မဟုတ်ပါ။

### 8. အကာအကွယ်ရယူပိုင်ခွင့်

သင့်အားဘေးကင်းစေရန် စောင့်ရှောက်ခြင်းသည် ကုလသမဂ္ဂအတွက် အရေးအကြီးဆုံးဖြစ်သည်။ သင့်အား နောက်ထပ်သော စိတ်ဒဏ်ရာ သို့မဟုတ် သားကောင်ဖြစ်ခြင်းမှ ကာကွယ်ပေးရန်အပြင် တရားစွဲဆိုမှုအတွင်း ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲထားခံရသူနှင့် ထိတွေ့မှုမရှိစေရန် အကာအကွယ်ပေးမည်ဖြစ်သည်။

### 9. ကုစားမှုရယူပိုင်ခွင့်

ကျူးလွန်သူများသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများအတွက် တစ်ဦးချင်း တာဝန်ရှိပါသည်။ သင်ခံစားခဲ့ရသည့် ထိခိုက်နစ်နာမှုကို အသိအမှတ်ပြုပြီး ပြန်လည်ပြင်ဆင်ရန်အတွက် ၎င်းတို့ထံမှ ကုစားမှုများကို ရယူပိုင်ခွင့်ရှိသည်။

### 10. သင့်အားပြုမူဆက်ဆံပုံအပေါ် တိုင်ကြားပိုင်ခွင့်

ဤထုတ်ပြန်ချက်ပါ အခွင့်အရေးများကို ကုလသမဂ္ဂက လေးစားမှုမရှိဟု ယူဆပါက နစ်နာသူများအခွင့်အရေးဆိုင်ရာရှေ့နေရုံး (Office of the Victims' Rights Advocate) သို့ တိုင်ကြားပိုင်ခွင့်ရှိသည်။

သတင်းအချက်အလက်ပိုမိုသိရှိလိုပါက -

- နစ်နာသူများအခွင့်အရေးများဆိုင်ရာထုတ်ပြန်ချက် အပြည့်အစုံအား ဖတ်ရှုရန် ဤနေရာကိုနှိပ်ပါ
- နစ်နာသူများအခွင့်အရေးဆိုင်ရာရှေ့နေရုံးအား ဆက်သွယ်ရန် ovra@un.org
- မြန်မာ PSEA ကွန်ရက် - Email mmrpsea@unfpa.org သို့မဟုတ် ဖုန်း +95 9405149616